လက်ဘဲဒီပ စာအုပ်တိုက်

# ကြန္ဒပတ္တနလုံးသား

## ချစ်ဦးညို




တတိယအကြိမ်

## စာရေးသူမှ
## လေးစားအပ်သော စာဖတ်သူသို့

သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါသော ကာလပတ်လုံး၌ သုတ္တန်ဒေသနာ၊ ဝိနယဒေသနာ၊ အဘိဓမ္မာဒေသနာတို့ ကို ဟောကြားတော်မူခဲ့ကြောင်း အများ သိပြီး ဖြစ်ပါသည် ။ သတ္တဝါများ ကျင့်ကြံ အားထုတ်ရန် ဒါန၊ သီလ၊ ဘဝနာအမှုမှ စ၊ နိဗ္ဗာန်မဂ်ဖိုလ်သွားရာလမ်းကို ညွှန်ပြတော်မူသော သုတ္တန်ဒေသနာ၊ သာသနာတော်ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြမည့် ရဟန်းတော်များအတွက် ဝိနယဒေသနာ၊ အလုံးစုံသော တရားတို့ ၏ ဖြစ်မှုပျက်မှု ရုပ်နာမ်ဓမ္မာသင်္ခါရသဘောသဘာဝတို့ ကို ဖော်ထုတ်ဖွင့်ဆိုရာဖြစ်သော အဘိဓမ္မာ ဒေသနာဟူ၍ သုံးပိုင်းသုံးရပ် ခွဲခြားနားလည်ကြ ပါသည် ။

အဆိုပါ ပိဋကတ်သုံးသွယ်တို့ တွင် သုတ္တန်ဒေသနာတော်၌ ဇာတ်နိပါတ်တော်များ ပါရှိလေသည် ။ ဓမ္မဝိနယနှစ်ပါးတို့ တွင် ဓမ္မ၌ ပါဝင်၍ နိကာယ်ငါးရပ်တို့ တွင် ဥဒ္ဒကနိကာယ်၌ ပါဝင်သည် ။ ဘုးဖြစ်တော်မူသည် မှ စ၍ မဟာပရိနိဗ္ဗာန် စံဝင်တော်မူသည် အထိ လေးဆယ့်ငါးဝါအတွင်း၌ အကြောင်းအခွင့် ဆိုက်သင့်သည့် အခါတိုင်း ဓမ္မဒေသနာတော်နှင့် တကွ ဝတ္ထုဇာတ်ကြောင်းများကို ဟောတော်မူခဲ့ရာ ယင်း

တို့ သည် မြတ်စွာဘုရား၏ အတိတ်ဘဝ အဆက်ဆက် အလောင်းတော်ဘဝနှင့် ကျင်လည်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဇာတ်ကြောင်းများ ဖြစ်ကြသည် ။

ဇာတက ငါးရာ့ငါးဆယ်(၅၅၇) တွင် လည်း ဇာတ်တော်ကို ဖွဲ့စည်းရာတွင် ဂါထာအရေအတွက်တူရာအလိုက် နိပါတ်ပိုင်းခြားထားလေသည် ။ ဂါထာတစ်ပုဒ်ပါသော ဇာတကကို ဧကနိပါတ်ဂါထာ၊ နှစ်ပုဒ်ပါသော ဇာတကကို ဒုကနိပါတ် စသည် ဖြင့်ခြားရာ (ရင့်မှာ တစ်ကျိပ်)ဟု အများသိကြသော ဇာတ်ကြီး ဆယ်ဘွဲ့သည် မဟာနိပါတ်၌ ပါဝင်လေသည် ။

မဟာနိပါတ် ဇာတ်ကြီးဆယ်ဘွဲ့စကားပြေများကို မင်းဘူးဆရာတော်ကြီး ဦးဩဘာသ၊ ရှင်နန္ဒာမေစာနှင့် ရှင်ပညာတိက္ခတို့ ကပြုစုခဲ့ကြပြီး ဆီးဘန်းနီဆရာတော်က အကျဉ်းချုပ်ရေးသား၍ ကဝိမဏ္ဍနမေဒနီတွင် ထည့်သွင်းရိုက်နှိပ်ခဲ့ဖူးသည် ဟု သိရပါသည် ။ ဇာတ်ကြီးဆယ်ဘွဲ့ အကျဉ်းကိုလည်း ဆရာလှသမိန်က ၁၃၂၀ ခုနှစ်တွင် လည်းကောင်း၊ အသီးသီးပြုစုခဲ့ကြပြီး မာဃဝပြုစုကာ နှလုံးလှစာတည်းအဖွဲ့က စီစဉ်တည်းဖြတ်သည့် နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်တွင် လည်း ဖော်ပြခဲ့ပါသည် ။

မှတ်တမ်းများ အရ အရှင်ဦးဩဘာသသည် စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေဿန္တရာဇာတ်၊ မဟော်သဓာဇာတ်၊ နေမိဇာတ်နှင့် တေမိယဇာတ်တော်တို့ ကို မြန်မာပြန်ဆိုတော်မူခဲ့သည် ။

ပါဠိတော်၌ ဝိဓူရဇာတ်တော် မူရင်းဂါထာ ၃၀၀ ကျော်ရှိရာ ဆရာတော်အရှင်သည် ဂါထာပေါင်း ၉၆ ဂါထာနှင့် ထုတ်နုတ်ပြန်ဆိုခဲ့ပါသည် ။ ဝိဓူရဇာတ်တော်ကို အခန်း ၁၀ ခန်းဖြင့် ရေးသားတော်မူခဲ့ကြောင်းလည်း တွေ့ရပါသည် ။

ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်ထုတ် (၁၉၉၅ ခုနှစ်) စာအုပ်ပါ စကားချီးအရ ဆရာတော်သည် ဝိဓူရဇာတ်တော်ကို သက်တော် ၂၅ နှစ်အရွယ်တွင် ပြုစုတော်မူနိုင်ခဲ့ကြောင်းလည်း တွေ့ရပြန်ပါသည် ။

လေးစားအပ်သော စာဖတ်သူ၏ လက်ဝယ်၌ "ဣန္ဒပတ္ထနှလုံးသား" အမည်ရှိသော ဤစာအုပ်ရောက်ရှိနေပါပြီ။ သုံးပါးသော ရတနာနှင့် မိဘဆရာတို့ ၏ ကျေးဇူးတော်ရိပ်၊ မင်းဘူးဆရာတော်မြတ်၏ ကျေးဇူးတော်ရိပ်တွင် ခိုလှုံကာ ရေးသားသော ဤဝတ္ထုကို လေးစားအပ်သော စာဖတ်သူ ဖတ်ရှုတော့မည် ဖြစ်ပါသည် ။

ဤစာအုပ်၏ စာမျက်နှာများ ထက်မှ အက္ခရာဝဏ္ဏများ ၊ ဝါဒများ ၊ ဝါကျများ ၊ အမှုန်းအဖွဲ့အချဲ့ အမွှမ်းများ ၏ နောက်ကွယ်၌ ဤဝတ္ထုရေးသူနှင့် ဖတ်သူအကြား မမြင်ရသော အခြေခံဆက်သွယ်မှုလေးတစ်ခု ရှိနေမည်ဟု ဝတ္ထုရေးသူအနေဖြင့် ယုံကြည်မျှော်လင့်ပါသည် ။

ထိုဆက်သွယ်မှုလေးမှာ "သဒ္ဓါ" ဖြစ်ပါသည် ။

သဒ္ဓါဟူသည်  မှာ ယုံကြည်မှုဟု သာမန်အားဖြင့် အဓိပ္ပာယ်ထွက်ပါသည် ။

သို့သော် သဒ္ဓါသည် ယုံကြည်မှု (Belief) (Faith) သက်သက်မဟုတ်ပါ ။ မိလိန္ဒပဉ္စာမဟာဝဂ်၊ သမ္ပသာဒန လက္ခဏာ သဒ္ဓါပဉ္စာမှ ထုတ်နုတ်ဖော်ပြခွင့်ပြုပါ။

မိလိန္ဒမင်းသည် "အရှင်ဘုရားနာဂသေန၊ သဒ္ဓါသည် အဘယ်လက္ခဏာရှိပါသနည်း" ဟု မေးလျှောက်၏။

"မင်းမြတ် ...သဒ္ဓါသည် အဘယ်သို့လျှင် ကြည်လင်စေခြင်း လက္ခဏာလည်း ရှိ၏။ ကုသိုလ်အဖို့ သို့ ပြေးဝင်ခြင်းလက္ခဏာလည်း ရှိ၏ "

ဟု ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ သဒ္ဓါသည် အဘယ်သို့ကြည်လင်စေခြင်း လက္ခဏာလည်း ရှိပါသနည်း" ဟု မေးလျှောက်၏။

"မင်းမြတ်၊ သဒ္ဓါဖြစ်သည် ရှိသော် နိဝရဏတို့ ကို ကင်းကွာစေ၏။ နိဝရဏကင်းသော စိတ်သည် ကြည်လင်၏။ အထူးသဖြင့် သန့်စင်၏။ မနောက်ကျူ၊ မင်းမြတ် ... ဤသို့လျှင် သဒ္ဓါသည် ကြည်လင်စေခြင်း လက္ခဏာရှိ၏ " ဟု ဖြေကြားတော်မူ၏။

"သဒ္ဓါတရားဖြင့် ဝဋ်ဩဃသမုဒ္ဒရာကြီးကို ကူးခတ်လွန်မြောက် နိုင်၏။ မမေ့မလျော့ခြင်း သတိတရားဖြင့် သံသရာပင်လယ်ကြီးကို ကူးခတ်လွတ်မြောက်နိုင်၏။ လုံ့လအားထုတ်ခြင်းဖြင့် ဆင်းရဲမျိုးအပေါင်းကို လွန်မြောက်နိုင်၏။ ပညာကို စင်ကြယ်နိုင်၏ "

နီဝရဏတရားငါးပါး ဟူသည် မှာ ...

(၁) ကာမစ္ဆန္ဒ နီဝရဏ (ဖပါးသော ဒွါရတို့ ဖြင့် ဝေဒနာခံစားချင်စိတ်ခံစား၍ အားမရ၊ မတင်းတိမ်သော စိတ်)၊ (၂) ဗျာပါဒ နီဝရဏ (လိုချင်သော်လည်း မရသည့် အတွက်၊ ရပြန်တော့လည်း ကြောင့် ကြနေရသည့် အတွက်၊ စိတ်ပျက်စိတ်အိုက် ပူပန်သောစိတ်)၊ (၃) ထိနမိဒ္ဓနီဝရဏ (ကိုယ်စိတ်တို့ ၏ လေးလံထိုင်းမှိုင်း ဖင့်နွဲ့ပျင်းရိသောစိတ်)၊ (၄) ဥဒ္ဒစ္စကုက္ကုစ္စ နီဝရဏ (စိတ်မငြိမ်ဘဲ ပြုမိလေခြင်း၊ မပြုလိုက်ရလေခြင်း ဟူသော ပူပန်သောကစိတ်)၊ (၅) ဝိစိကိစ္ဆာနီဝရဏ (နှစ်ခွဖြစ်၍ မဆုံးဖြတ်နိုင်သော စိတ်) တို့ ဖြစ်ပါသည် ။

ယင်းနီဝရဏတို့ ကို ကင်းကွာစေသော အစွမ်းသတ္တိသည် သဒ္ဓါ၌ တည်ရှိနေပါသည် ။ ကြည်လင်သော စိတ်သည် ကုသိုလ်အဖို့ သို့ ပြေးဝင်ပါသည် ။

လက်လှမ်းမီသမျှသော တရားခံမှုတို့ ကို (သိပြီးသား စာဖတ်သူအား) စကားဦးသမ်းပြီးသည့် အနက် စာရေးသူ၏ ပုဂ္ဂလိကဓိဌာန် ကိစ္စအချို့ ကို တင်ပြခွင့်ပြုစေလိုပါသည် ။

ဤ "ဣန္ဒပတ္တနှလုံးသား" ဝတ္ထုအပါအဝင် ဇာတ်ကြီးဆယ်ဖွဲ့ဝင် ဇာတကများကို အခြေခံရေးသားသော ဝတ္ထုပေါင်း သုံးအုပ်ရှိခဲ့ပါပြီ။

ယင်းတို့ မှာ (၁) ငြိမ်းချမ်းရေးမဟာတမန်(၁၉၈၉)၊ (၂) စာမရီသို့ ထူးထူးခြားခြား (၁၉၉၂) နှင့် (၃) ယခု ဣန္ဒပတ္တနှလုံးသား (၁၉၉၃) တို့ ဖြစ်ပါသည် ။ ငြိမ်းချမ်းရေးမဟာတမန်မှာ မဟော်သဓာဇာတ်တော်ကြီး (ဒုတိယပိုင်း) ကို အခြေပြုရေးသားခဲ့ခြင်း ဖြစ်ပါသည် ။

ဤသုံးအုပ်စလုံးမှာ ဝိုင်အမ်ဘီအေအသင်းကြီးမှ ထုတ်ဝေသော (ရတနာမွန်) ဘာသာသာသနာနှင့် ယဉ်ကျေးမှုမဂ္ဂဇင်းတွင် လပေါင်းများစွာ အခန်းဆက်ဝတ္ထုရှည်အဖြစ် ရေးသားခဲ့ပြီးနောက် တစ်စုတစ်စည်းတည်း လုံးချင်းအဖြစ် ပေါင်းချုပ်ထုတ်ဝေသော ဝတ္ထုများ ဖြစ်ပါသည် ။

ယခုအချိန်မှာ လည်း ရတနာမွန်မဂ္ဂဇင်းတွင် မဟာဇနက ဇာတ်တော်ကြီးအခြေပြု (ဟိမဝန္တာခရီးသည် ) အမည်ရှိ အခန်းဆက်ဝတ္ထုရှည်ကို စတင်ရေးသား ဖြစ်နေပါသည် ။

ဇာတ်ကြီးဆယ်ဘွဲ့ဝင် ဇာတက ဝတ္ထုများကို အဘယ့်ကြောင့် ပြန်လည်ရေးသားနေသနည်းဟူသော မေးခွန်းကို မိမိဘာသာ မေးမြန်းဖြေဆိုလျက် လေးစားအပ်သော စာဖတ်သူအား ဖောက်သည် ချချင်ပါသည် ။

ဇာတ်ကြီးဆယ်ဘွဲ့ကို ကျွန်တော်သည် အများ သူငါလိုပင် ကလေးငယ်ဘဝက မိဘဘိုးဘွားတို့ ၏ အိပ်ရာဝင်ပုံပြင်အဆင့်မှ စတင်ရင်းနှီးခွင့်ရခဲ့သည် ။ "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ"၊ နှမှာ ငါးရာ၊ ရင့်မာ

တစ်ကျိပ်၊ စကားမပြောသော တေမိမင်း၊ သမုဒ္ဒရာထဲ ရေကူးရင်း မေခလာ နတ်သမီးလာကယ်သော ဇနက။ ငရဲပြည် နတ်ပြည်သို့ အရှင်လတ်လတ် ခရီးထွက်သော နေမိမင်း၊ မဟောသဓာ ကလေးပညာရှိ၊ မိဘလုပ်ကျွေးသော သုဝဏ္ဏသျှံ၊ ပုဏ္ဏားကြီး၏ အဖမ်းခံလိုက်ရသော ဘူရိဒတ်နဂါး၊ တောင်စောင်းမှာ မြင်းပျံနှင့် ချိတ်ဆွဲခေါ်ရာ ပါသွားရသော ဝိဓူရ၊ အလှူကြီးပေးသည့် ဝေဿန္တရာ။

ဤဝိသေသများ နှင့် အတူ ပိဋ္ဋိယက္ခမင်းကြီး၊ ကေဝဋ္ဋပုဏ္ဏား၊ စူဇကာပုဏ္ဏား၊ ပုဏ္ဏကဘီလူး။ သနားစရာ ကဏှာနှင့် ဇာလီ၊ မာတလိ၊ ဝိသကြုံစသော အမည်နာမများ ရုပ်ပုံများက အသိအာရုံတွင် ကျက်စားပွန်းတီး လာခဲ့လေသည် ။

မန္တလေးတောင် ကုသိုလ်တော် ဘုရား၊ ကျောက်တော်ကြီး ဘုရားစောင်းတန်း အာရုံခံဇရပ် မျက်နှာကြပ်နှင့် မုခ်ဦးများ တွင် ရေးထားသော ပန်းချီကားများ ထဲမှ အရုပ်များကို အမှတ်ထင်ထင် ရှိခဲ့လေသည် ။

ကလေးငယ်တစ်ယောက်၏ အတွေ့အကြုံနှင့် မှတ်ဉာဏ်အသိကြေးမုံတွင် စွဲထင်ကိန်းဝပ်ခဲ့လေသော ထိုအာရုံတို့ သည် ထုထည်ကြီးစွာ နေရာယူခဲ့ကြရုံမက အစဉ်အတိုင်း ဆက်လက်လိုက်ပါ ကြီးပြင်းခဲ့ပါသည် ။

စာရေးဆရာတစ်ယောက်အဖြစ် ဖြစ်တည်ရှင်သန်လာချိန်တွင် "ရေး " ဖို့ အတွက် "ဖတ်" ရပြန်ပါသည် ။ ဇာတ်ကြီးဆယ်ဘွဲ့ကို ပြန်ဖတ်ဖြစ်သောအခါ "သဒ္ဒါ"၏ နှိုးဆော်မှုဖြင့် ယင်းတို့ ကို ပြန်ရေးနိုင်သမျှ ရေးမည်ဟူသော စိတ်အကြံဖြစ်ပေါ် လာလေသည် ။ ဤနေရာတွင် စာရေးဆရာတို့ အသုံးလေ့ကြသောမျှဝေခံစား စေတနာလည်း ပါဝင်ပါလိမ့်မည်။

မဟော်သဓာကို ပညာရှိခြင်းဟူသော လက္ခဏာဖြင့် ယခင်က သာမ

န်တွဲစပ်နားလည်ခဲ့ရာမှ ထိုပညာရှိခြင်းလက္ခဏာ၏ ပိုမိုနက်ရှိုင်းသော သဘောတို့ ကို တွေ့လာရပါသည် ။ အဘယ်သို့ ပညာကြီးသနည်း။ ထိုပညာကို အဘယ်ပုံ အသုံးချသနည်း။ ဘယ်သူ့အကျိုးကို ရှေးရှု၍ ပညာသုံးသနည်း။ ပညာရှိတို့ ၏ ရှေ့ရှုရာသည် အဘယ်နည်း စသော အချက်များကို စေ့ငုဆင်ခြင်မိလာသည် ။

စစ်လိုလားသော အာဏာစက်ချဲ့ချင်သော စူဠနီဗြဟ္မဒတ်မင်းနှင့် ပညာရှိသူမိုက် ကေဝဋ္ဋအမတ်၊ စိတ်ရင်းနှလုံးကောင်း အခံရှိသော်လည်း တဏှာရာဂ၏ ရစ်ပတ်မှုအောက်တွင် ဥမ္မတ္တကဖြစ်ခဲ့ရသော ဝိဒေဟရာဇ်မင်းကြီး၊ သတ္တိဗျတ္တိနုံနဲ့ ကြလေသော ထီးဆောင်းမင်းများ နှင့် အပြစ်မဲ့တိုင်းသား ပြည်သူတို့ ကို နှိပ်ကွပ်ခြင်း၊ ဆုံးမခြင်း၊ ကယ်တင်ခြင်းအလို့ငှာ မဟော်သဓာသည် မိမိ၏ "ပညာ"ကို အသုံးချခဲ့ကြောင်း တွေ့လာရပါသည် ။ ဤသို့ဖြင့် "ငြိမ်းချမ်းရေးမဟာတမန်"ကို ရေးဖြစ်ခဲ့ပါသည် ။

တစ်ဖန်ဘူရိဒတ်ဇာတ်၌ လည်း မိုက်မဲ၍ အလိုကြီးသော နေသာဒပုဏ္ဏား၊ ပါးနပ်လိမ္မာသော စိတ္တစူဠလိပ်၊ အယူလွဲသော ကာဏာရိဋ္ဌနှင့် သီလကို အသက်စွန့်၍ ထိန်းသိမ်းစောင့်ရှောက်သော ဘူရိဒတ်တို့ ၏ အားပြိုင်မှု၊ ဝိဇ္ဇာနှင့် အဝိဇ္ဇာတို့ ၏ ပဋိပက္ခကို စေ့ငုဆင်ခြင်မိပြန်သည် ။ ဤသို့ဖြင့် "စာမရီသို့ ထူးထူးခြား"ကို ရေးဖြစ်ခဲ့ပါသည် ။

ယခု ဝိဓူရ ဇာတ်တော်ကြီးအခြေပြု၊ ဣန္ဒပတ္ထနှလုံးသား။

ဝိမလာဒေဝီနဂါးမမိဖုရားက ဝိဓူရသုခမိန် နှလုံးသားကို အလိုရှိပါသည် ဟူသော စကားတစ်ခွန်းဆိုသည် တွင် ပုဏ္ဏက နတ်ဘီလူး၏ စွန့်စားခန်းများ ပေါ်ပေါက်လာတော့သည် ။ ကောရဗျမင်းနှင့် အန်ကစားပွဲလောင်းကြေး၊ တောင်စောင်းကမ်းပါးယံအထပ်ထပ်တွင် ဝိဓူရအား ပု

ဏ္ဏာက က နိုပ်စက်ခေါ်ဆောင်သွားခန်း၊ နဂါးပြည်ရောက်ခန်း၊ တရားဟောခန်း ...။

အကြမ်းဖျင်းသိထားခဲ့သော ဤဇာတ်လမ်းထဲမှ အရေးကြီးဆုံး ဓမ္မအနှစ်သာရကို တွေ့ရှိလိုက်ပါသည် ။ ယင်းမှာ နဂါးပြည်တွင် ဝိဓူရသုခမိန်ဟောသော တရားဖြစ်သည် ။ ဝိဓူရသုခမိန်သည် နဂါးပြည်တွင် မည်သို့သော တရားဟောခဲ့သနည်း။ မည်သို့ ရင်ဆိုင်ဖြေရှင်းခဲ့သနည်း။

"ဘောဂိ ဟိယေ သန္တိ က္လမူပပန္န၊

ပုတ္တာစ ဒါရာစ အနုဇီဝိနောစ၊

တေသု တုဝံ ဝစသာ ကမ္မုနာစ၊

အသမ္ပဒုဋ္ဌော ဝဘဝါဟု နိစ္စံ

ဇဝံတုဝံ နာဂ အသမ္ပဒေါသံ၊

အနုပါလယ ဝစသာ ကမ္မုနာစ၊

ဌတ္ဝာ က္လစ ယာဝတာ ယုဂံ ဝိမာနေ"

ဥဒ္ဓံ က္လတော ဂစ္ဆသိ ဒေဝလောကံ။

ပါဠိတော် ဂါထာ (၉၁) (၉၂) တွင် လာသည့် အတိုင်း ဖြစ်ပါသည် ။

ဤတရားသည် ဝိဓူရ သုခမိန်ဟောခဲ့သောတရား၊ ဤတရားသည် ပင် ဝိမလာဒေဝီနဂါးမိဖုရားအတွက် ထိုက်တန်အပ်စပ်သော တရား၊ ဤတရားသည် ပင် ဝိဓူရသုခမိန်ကိုယ်တိုင် (ဟောသည့် အတိုင်း)ကျင့်သောတရား၊ ဤတရားသည် ပင် က္လန္ဒပတ္ထနဂိုရ်ပြည်နှင့် တကွ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး နဂါးပြည်နတ်ပြည်တို့ အထိ ပျံ့နှံ့ရိုက်ခတ်သော တရားဖြစ်ပါလေသည် ။

ဟုတ်မှန်စွာပြောဆိုခြင်း (သစ္စာ)၊ စီးပွားချမ်းသာများ အကြောင်းတရား စကားကိုဆိုခြင်း (ဓမ္မ)၊ သတိမလွတ်မပြတ် လုံ့လပြုခြင်း (ဝီရိယ)၊ ကိုယ်၏ အသက်ကိုစွန့်ခြင်း၊ သူ့အလိုဆန္ဒကိုပေခြင်း (စာဂ) တည်းဟူသော ရန်အောင်ကြောင်း တရားလေးပါးကို ဝိဓူရသုခမိန် လက်ကိုင်မြဲမြဲ ပြုခဲ့သန်ပေသည် ။

သဒ္ဓါတည်းဟူသော ဆက်သွယ်မှုလမ်းကြောင်း၏ တစ်ဖက်တစ်ချက် စီ၌ စာရေးသူနှင့် စာဖတ်သူတို့ "တည့်ရပ်" နေမိကြပြီဟု ယုံကြည်ပါရစေ။

သန္တရသ ဆိုသည် မှာ ကိုးပါးသော ရသမျိုးတို့ တွင် အနက်နဲဆုံးဖြစ်သည့် အလျောက် စာရေးသူအနေဖြင့် ထိုအဆင့်ထိ ထုတ်ထုတ်ချောက်မမျှော်မှန်းရဲပါ။ သို့သော် လေးစားအပ်သော စာဖတ်သူ၏ "ပါရမီခံ" အလျောက် ဤဣန္ဒပတ္တနလုံးသား ဝတ္ထုကို ဖတ်ရှုရင်းမှ သည် အထူးထူးအပြားပြားသော ချစ်ရှင်၊ သနား ရသများကို ထိတွေ့ခံစားမိပြီးနောက် သန္တရသအငွေ့ကိုမျှ ရှူရှိုက်မိပါပြီဆိုပါလျှင် စာရေးသူက သာဓုခေါ်ရမည်ဖြစ်ပါသည် ။

ဤဣန္ဒပတ္တနလုံးသားဝတ္ထုကို ရေးသားထုတ်ဝေရာတွင် အကြောင်းတရား အမျိုးမျိုးတို့ ဖြင့် အကူအပံ့ဖြစ်စေခဲ့သော ဦးထွန်းလွင် (ဓမ္မာစရိယဘီအေ) (ရတနာမွန်မဂ္ဂဇင်း စာတည်းချုပ်)၊ ဦးအောင်မွန် (မြတ်ဆုမွန်မဂ္ဂဇင်း)၊ ဦးကျော် (ပန်းချီ)၊ ဦးဝသုန် (ပန်းချီ) နှင့် ကြွင်းသော နီးဝေးမိတ်ဆွေအပေါင်းတို့ ၏ ကျေးဇူးတရားကို မမေ့မပျောက် မှတ်တမ်းပြုပါသည် ။

**လေးစားသော**
**ချစ်ဦးညို**

## စမ္ဗာနဂိုရ်ရောက် ရသေ့ကြီးများ

အင်္ဂတိုင်း၏ မြို့တော် စမ္ဗာနဂိုရ် နံနက်ခင်းသည် တစ်နေ့တာကာလ နိဒါန်းကို ကျက်သရေရှိစွာ ဖွင့်လှစ် လိုက်လေသည် ။

အရုဏ်မှ နိုးထခဲ့ပြီးခါစ နေရောင်ခြည်တို့ က ရွှေရည်အလင်းတန်းများ ဖြင့် မြို့တော်ကို ပွေ့ဖက်လိုက်သည် ။ ပူနွေးသော နေ့နံနက်နှင့် အတူ အသက်ဝင်လာသည့် စမ္ဗာနဂိုရ်မြို့တော်၏ လမ်းမလမ်းသွယ်များ သည် လည်း တစ်ခဏအတွင်းမှာ ပင် စည်ကားလာသည် ။

ပြေးလွှားဆော့ကစားကြသော ကလေးသူငယ်များ ၊ လုပ်ငန်းခွင်ဝင်ကြသော လယ်ယာသမားများ ၊ နန်းမြို့အတွင်းဝင်ကြသော မင်းမှုထမ်းများ ၊ မြင်းရထား၊ နွားလှည်းများ ၊ ဈေးသည် ဈေးဝယ်များ ၏ အသံဗလံမျိုးစုံတို့ ဖြင့်လည်း စမ္ဗာနဂိုရ်သည် ဆူညံစည်ကားလာသည် ။

အမျိုးလေးပါးစုံလင်သော ထိုလူအပေါင်းတို့ တွင် ဝသမျိုးနွယ်ဝင်ဖြစ်သည့် လူလေးယောက်တို့ သည် လည်း အပါအဝင်ဖြစ်သည် ။ သူတို့ လေးဦးမှာ လူလတ်ပိုင်းအရွယ်များ ဖြစ်ပြီး ဝတ်စားဆင်ယင်ပုံနှင့် ကိုယ်နေဟန်ထားအရ သူကြွယ်များ ဖြစ်ကြောင်းလည်း သိသာလှသည် ။

စမ္မာနဂိုရ်၏ နံနက်ခင်း လှုပ်ရှားမှုများ တွင် ထိုသူလေးယောက်တို့ သည် အခြားတစ်ပါးသော လယ်ယာလုပ်သူများ ၊ ကုန်သည် များ ၊ မင်းမှုထမ်းများ လို လုပ်ငန်းခွင်ဝင်ရေးတည်းဟူသော ရည်ရွယ်ချက်မျိုးမရှိဘဲ လေးယောက်သား ရင်ပေါင်တန်းလျက် မြို့အပြင်ဘက်ဆီသို့ ရှေ့ရှု လျှောက်လှမ်းလာကြသည် ။

သူတို့ ၏ မျက်နှာများ ပေါ်၌ စားဝတ်နေမှုအတွက် ပူပင်သောက အရိပ်အငွေ့မရှိသော်လည်း တစ်စုံတစ်ခုအတွက် ဆန္ဒစောနေကြသည် မှာ တော့ သိသာထင်ရှားသည် ။ လေးယောက်သား ရင်ပေါင်တန်းလျှောက်ရင်း သူတို့ သည် အဝင်တစ်နေရာရှိ ပန်းဥယျာဉ်ကြီးဆီသို့ စူးစူးစိုက်စိုက် လှမ်းမျှော်ကြည့်နေကြသည် ။ ထိုပန်းဥယျာဉ်ကြီးကား မင်း၏ ဥယျာဉ် ဖြစ်လေသည် ။

"မနေ့က တွေ့လိုက်တာကတော့ ဒီဥယျာဉ်ကြီးနားမှာ ပဲ"

တစ်ယောက်က ပြောသည် ။

"ဟုတ်တယ်၊ ဥယျာဉ်ကြီးရဲ့ ဒီဘက်မုခ်ဝကနေ ထွက်လာကြတာ"

အခြားတစ်ယောက်က ဥယျာဉ်မုခ်ဝဆီမှ မျက်ခုံးမရွှေ့ဘဲ ပြောသည် ။

"မနေ့က တွေ့လိုက်တာ ဒီအချိန်ပါပဲနော်၊ ဟုတ်တယ်မဟုတ်လား"

"ဒီအချိန်ပါပဲကွာ၊ တို့ များက နည်းနည်းစောနေလို့ ဖြစ်မှာ ပါ။ အရပ်တစ်ပါး တခြားဒေသကိုများ ထွက်သွားကြပြီလား မသိ"

"ဟင့်အင်း နေရာပြောင်းရွှေ့ မသွားနိုင်ပါဘူး။ တို့ က နည်းနည်း စောနေလို့ နေမှာ ပါ၊ ကိုင်း ...ဟောဒီ ကျောက်သလင်းထိုင်ခုံပေါ်ကနေ ထိုင်စောင့် လိုက်ကြရအောင်လား"

သူကြွယ်လေးယောက်တို့ သည် ဥယျာဉ်စပ်ရှိ ဖြူဖွေးသော ကျောက်သလင်းထိုင်ခုံပေါ်သို့ ထိုင်လိုက်ကြသည် ။ သူတို့ အားလုံး၏ အကြည့်များကတော့ ဥယျာဉ်မုခ်ဝရှိရာသို့ မမှိတ်မသုန်။

"ဟော ...ကြွလာကြပြီ"

တစ်ယောက်၏ အံ့သြဝမ်းသာ အာမေဋိတ်သံအဆုံးတွင် လေးယောက်စလုံး မတိုင်ပင်ဘဲ ကျောက်သလင်းထိုင်ခုံပေါ်မှ အောက်သို့ဆင်းကြသည် ။

ထို့နောက် အဖိုးထိုက်အဖိုးတန် ပုဆိုးများကိုပင် သတိမရနိုင်ကြတော့ဘဲ မြေပြင်ပေါ်တွင် ဒူးတုပ်လိုက်ကြသည် ။

မင်းဥယျာဉ်ဗဟိုမုခ်ပေါက်မှ ထွက်လာကြသူများကား ရှားနှစ်ရောင်သင်္ကန်းကို ဆင်မြန်းလျက်၊ ဒေါက်ချာကိုယ်စီဆောင်းလျက်၊ ငြိမ်သက်သော စက္ခုန္ဒြေကို ခြုံလျက်၊ မည်းနက်သော သပိတ်ကိုယ်စီပိုက်လျက် ရင့်ကျက်သော အသွင်ကိုဆောင်သည့် ရသေ့ကြီးလေးပါးပင်ဖြစ်လေသည် ။

* * *

စင်စစ်မူ ထိုရသေ့လေးပါးတို့ သည် ဗာရာဏသီပြည်သား ဗြာဟ္မဏနွယ်ဖွားများ ဖြစ်ကြောင်း၊ ကာမဂုဏ်၏ အပြစ်ကို ထိတ်လန့်ကာ စည်းစိမ်ဥစ္စာများ စွာတို့ ကို စွန့်ပယ်ကာ ဟိမဝန္တာထွက်၍ ရသေ့ရဟန်းပြုခဲ့သူများ ဖြစ်ကြောင်းကို စမ္ပာနဂိုရ်သား သူကြွယ်များ မသိကြချေ။

ထို့ပြင် ရသေ့လေးပါးတို့ သည် ဟိမဝန္တာ၌ပင် တရားဓမ္မကိုအားထု

တ်လျက် အဘိညာဉ်သမာပတ်ကို ဖြစ်စေခဲ့ကြောင်းကိုလည်း သူကြွယ်တို့ သိကြသည် မဟုတ်။ အမှန်တော့ ဤရသေ့ကြီးလေးပါးတို့ သည် ဟိမဝန္တာတွင် ရှည်ကြာစွာ သီတင်းသုံးခဲ့ပြီးနောက် တောသစ်မြစ်နှင့် သစ်သီးကိုသာလျှင် အစာအာဟာရအဖြစ်မှီဝဲကာ ယခုအခါ ချဉ်ဆားအလို့ငှာ မြို့ရွာဇနပုဒ်များ သို့ လှည့်လည်သွားလာခဲ့ကြပြီး အင်္ဂတိုင်း စမ္ပာနဂိုရ်မြို့တော်သို့ မကြာမီကမှ ရောက်ရှိလာကြသည့် တန်ခိုးရှင်ရသေ့များဖြစ်ကြပေသည် ။

လွန်ခဲ့သော ရက်အနည်းငယ်က နံနက်ခင်း လမ်းလျှောက်ထွက်ကြရင်းဖြင့် သူကြွယ်လေးယောက်တို့ သည် မင်း၏ ဥယျာဉ်အစွန် တောအုပ်တစ်နေရာ၌ သီတင်းသုံးသော ရသေ့ကြီးလေးပါးကို တွေ့မြင်ခဲ့ကြခြင်းဖြစ်လေသည် ။

ဤရသေ့ကြီးလေးပါးတို့ ဘယ်အရပ်က လာမှန်းလဲ မသိ။ အဘယ်မျှအထိ တန်ခိုးသီလ ကြီးမားကြသည် ကိုလည်း မသိပါဘဲလျက် သူကြွယ်တို့ သည် ရသေ့ကြီးများ ၏ ကိုယ်အမူအရာ ဣရိယာပုတ်ကိုမြင်ပြီး ကြည်ညိုသွားမိကြခြင်းဖြစ်သည် ။

ဥယျာဉ်မုခ်ဝမှ ရသေ့ကြီးများ ထွက်လာကြသည် ကို ကြည်ညိုသဒ္ဓါမျက်လုံးများ ဖြင့် လှမ်းမျှော်ကြည့်ကြရင်းမှ သူကြွယ်လေးဦးတို့ သည် တစ်ပြိုင်တည်းလိုလိုပင် အပြန်အလှန် မျက်လုံးချင်း ဆိုင်မိကြပြန်သည် ။ ထို့အကြည့်များ ၏ အဓိပ္ပာယ်ကို အချင်းချင်း အပြန်အလှန်သဘောပေါက်ကြစွာဖြင့် တစ်ပြိုင်တည်းပင် ထိုင်ရာမှ ထဖြစ်ကြသည် ။ ထို့နောက် သူကြွယ်တို့ သည် ရသေ့ကြီးများ ရှေ့မှောက်တွင် ဒူးတုပ်လက်အုပ်ချီလိုက်ကြသည် ။

ရသေ့လေးပါး၊ ဒကာလေးယောက်၊ ကြိုတင်စီမံထားသည့် အလားပ

င်။

"တပည့်တော်တို့ ကို ဆွမ်းလုပ်ကျွေးခွင့်ပြုတော်မူပါ။ ဘုရား။ အရှင်တို့ လက်ထဲမှ သပိတ်ကို ယူခွင့်ပြုပြီး တပည့်တော်တို့ နေအိမ်သို့ ကြွရောက်တော်မူကြပါရန် ပင့်ဖိတ်ပါရစေ ဘုရား"

ဆိတ်ဆိတ်နေခြင်းဖြင့် ရသေ့လေးပါးတို့ သည် သူကြွယ်တို့ ၏ဆွမ်းပင့်ဖိတ်မှုကို လက်ခံကြသည် ။

သို့ဖြင့် တစ်ပါးတစ်ပါးစီသော ရသေ့ကြီးလေးပါးတို့ အား တစ်ယောက်တစ်ယောက်စီ သူကြွယ် ဒကာလေးယောက်တို့ သည် နေအိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ ဖြင့် လုပ်ကျွေးပူဇော်ကြသည် ။

ရသေ့ကြီးများ သည် ဗာရာဏသီမှ ပြဟ္မဏနွယ်ဝင်များ ဖြစ်ကြောင်း၊ စည်းစိမ်ကိုပယ်စွန့်လျက် ဟိမဝန္တာသို့ ထွက်ကာ တရားဓမ္မကျင့်ကြံလျက် အဘိညာဉ်သမာပတ်ကို ဖြစ်စေခဲ့ကြောင်း၊ ချဉ်ဆားအလို့ ငှာ မြို့ရွာဇနပုဒ်များ သို့ လှည့်လည်ရင်းဖြင့် စမ္ပာနဂိုရ်သို့ ရောက်ရှိလာကြောင်း ဒကာများ သိလာကြပြီး နောက်တွင် ကြည်ညိုသဒ္ဓါစိတ်များ ပိုမိုယိုဖိတ်လာကြသည် ။

"စမ္ပာနဂိုရ်မှာ ပဲနေပြီး မင်းဥယျာဉ်မှာ သီတင်းသုံးကြပါတော့ ဘုရား၊ နေ့တိုင်းမပြတ် တပည့်တော်တို့ အိမ်သို့ ဆွမ်းစားကြွကြပါ ဘုရား"

ဟူသော တောင်းပန်လျှောက်တင်ချက်များကို လက်ခံကြခြင်းဖြင့် ဆရာဒကာရင်းများ ဖြစ်သွားကြလေသည် ။

ရသေ့ကြီးလေးပါးတို့ သည် သူကြွယ်ဒကာများ ထံတွင် ဆွမ်းစားပြီးနောက် နေ့နေခြင်း အလို့ငှာမူ တစ်ပါးစီ တစ်ရပ်ဆီသို့ ထွက်ခွာသွားကြသည် ။ မူလကမူ မိမိတို့ ၏ ဆရာအရှင်များ မည်သည့် ဒေသသို့ ထွက်

ခွာကြကြောင်း သူကြွယ်တို့ မသိကြသော်လည်း ကာလကြာမြင့်လာသောအခါမူ ရသေ့ကြီးများ ၏ နေ့နေရာအရပ်ကို သိခွင့်ရလာကြတော့သည် ။

ထိုအရပ်ဒေသများကို သိခွင့်ရပြီးကြသည့် နောက် ....

* * *

ထက်သန်တက်ကြွခြင်းဖြင့် အရောင်တလက်လက် တောက်ပနေသော အကြည့်များ အပြန်အလှန်ဆုံကြသည် ။ စိတ်တူသဘောတူရှိကြလေသော ရောင်းရင်းများ ဖြစ်သည့် အလျောက် တစ်ယောက်တစ်ယောက်စီတွင် ပြောစရာ သတင်းထူးများ ရှိနေကြပြီဖြစ်ကြောင်း အပြန်အလှန်ရိပ်မိကြသည် ။ စကားဆွေးနွေးပွဲသည် ထုံးစံအတိုင်း မိမိတို့ ၏ ဆရာအရှင်ရသေ့ကြီးများ အကြောင်းဖြင့် အစပြုလေသည် ။

"တို့ ရဲ့ ဆရာအရှင်တွေကို တို့ ဆည်းကပ်ပူဇော်ခွင့် ရလိုက်တာအင်မတန် ကုသိုလ်ထူးတာပဲ"

"နေ့ဆွမ်းအမှုနဲ့ လုပ်ကျွေးလှူဒါန်းခွင့်ရတာကိုလည်း ကျွန်ုပ်တော့ ကြည်နူးမဆုံး ဖြစ်နေတယ်"

"သူတော်ကောင်း သူမြတ်လောင်းတွေကို အခုလို အနီးမှာ ထားပြီး ဆရာရင်း ဒကာရင်းအဖြစ် လုပ်ကျွေးရင်းနဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အမှုတွေ ပိုပြီး ပွားစည်းလာရတာပေါ့"

"အင်္ဂတိုင်းမှာ တော့ တို့ များ ဟာ လူဖြစ်ရကျိုး အနပ်ဆုံးပါပဲကွယ်"

ကောင်းမှုကုသိုလ်နှင့် ယှဉ်သော စကားများကို ဆွေးနွေးပြောဆိုကြရင်း မိမိတို့ ၏ ဆရာရသေ့ကြီးများ အကြောင်း ရောက်သွားသည် ။

"ရောင်းရင်းတို့ ရဲ့ ဆရာအရှင်များ တော့ မသိဘူး။ ကျွန်ုပ်ရဲ့ ဆရာအရှင်ကတော့ ဆွမ်းစားပြီးတာနဲ့ နေ့နေခြင်းအဖြစ် ထူးခြားတဲ့ အရပ်ဒေသတစ်ခုစီကို ထွက်ခွာသွားတတ်တယ်"

"အို ...ဟုတ်လား၊ ကျွန်ုပ်ကလည်း ကျွန်ုပ်ရဲ့ ဆရာအရှင်အကြောင်း ပြောပြမလို့ စိတ်ကူးနေတာ၊ ကျွန်ုပ်ရဲ့ ဆရာအရှင်ဟာလည်း အလားတူပဲ၊ ဆွမ်းအမှုပြီးတာနဲ့ နေ့နေခြင်းအဖြစ် အရပ်တစ်ပါး ထွက်သွားတတ်တယ်"

ပထမသူကြွယ်နှင့် ဒုတိယသူကြွယ်တို့ စကားအဆုံးတွင် တတိယသူကြွယ်နှင့် စတုတ္ထသူကြွယ်တို့ ကလည်း အားတက်သရော ပြောကြပြန်သည် ။

"ကြည့်စမ်း၊ ကျွန်ုပ်ကလည်း ကျွန်ုပ်ရဲ့ ဆရာအရှင်အကြောင်းပြောမလို့ "

"ကျွန်ုပ်ကလည်း ဒီအကြောင်းကို ပြောမလို့ "

လေးယောက်သား တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ဖြစ်ကြသည် ။

"ကိုင်း ...ဒီလိုဆို ဆရာအရှင်တို့ ရဲ့ အကြောင်း တို့ များ စကားချင်းဖလှယ်ကြရအောင်လား"

ပထမသူကြွယ်က စကားအခေါ်တွင် ကျန်သူကြွယ်များကဝိုင်းပြောကြသည် ။

"ရောင်းရင်းကပဲ စ,ပြောပါ၊ ပြီးမှ တစ်လှည့်စီပေါ့"

ပထမသူကြွယ်က အားတက်သရောအမူအရာဖြင့် နေရာပြင်ထိုင်ကာ -

"ကျွန်ုပ်ရဲ့ ဆရာရသေ့ကြီးဟာ နေ့နေရာအရပ်အပြင် တာဝတိံသာနတ်ပြည်ကို သွားတယ်၊ ပြီးတော့ သူမြင်တွေ့ခဲ့တဲ့ တာဝတိံသာနတ်ပြည်နဲ့ သိကြားမင်း စည်းစိမ်ကို တစ်ဆင့်ပြောပြတယ်။ ဆရာအရှင်ထံက သိရတဲ့ သတင်းစကားအရ သိကြားမင်း အဖြစ်ဟာ ကျွန်ုပ်ကို အင်အားကြီးစွာ ဆွဲငင်ဖမ်းစားနေပြီ ရောင်းရင်းတို့ ရဲ့ ။ ဟောဒီလောကမှာ ကျွန်ုပ်အတောင့်တဆုံး ကတော့ သိကြားမင်းရဲ့ စည်းစိမ်ပါပဲ"

ဒုတိယသူကြွယ်ကလည်း ပြောပြန်သည် ။

"ကျွန်ုပ်ရဲ့ ဆရာအရှင်ရသေ့ကြီးကတော့ နဂါးပြည်ကို သွားပြီးနေ့နေတယ်၊ ဆရာအရှင်က ကျွန်ုပ်ကို နဂါးပြည်နဲ့ နဂါးစည်းစိမ်အကြောင်း ပြောပြတယ်၊ အလုံးစုံကြားသိရတဲ့ အခါမှာ ကျွန်ုပ်ဖို့ ရာကတော့ နဂါးမင်းအဖြစ်ကလွဲပြီး ဘာကိုမှ မလိုချင်တော့ဘူး"

တတိယသူကြွယ်၏ အလှည့်။

"ကျွန်ုပ်ရဲ့ အရှင်ကတော့ သူ့နေ့နေရရာအရပ်ဖြစ်တဲ့ လက်ပံတောဗိမာန်က ဂဠုန်မင်းအကြောင်း ပြောပြတယ်၊ အလိုချင်ဆုံးအရာတစ်ခုကို ရွေးချယ်ပါဆိုရင် ကျွန်ုပ်ကတော့ ဂဠုန်မင်းစည်းစိမ်ပဲ"

စတုတ္ထသူကြွယ်၏ အလှည့်။

"အင်း ... ကျွန်ုပ်ရဲ့ ဆရာအရှင်ကတော့ နေ့နေသန့်ရာအရပ်အဖြစ် ဣန္ဒပတ္ထနဂိုရ်ပြည်ကို သွားတယ်၊ လူ့ပြည်ပါပဲ၊ အဲဒီပြည်က ဓနဉ္စယ ကောရဗျဘုရင်ရဲ့ မိဂါဇိန်အမည်ရှိတဲ့ ဥယျာဉ်ကိုသွားတယ်။ ဆရာအရှင့်ထံက တစ်ဆင့် ကြားသိရတဲ့ ကျွန်ုပ်အဖို့ ကတော့ ကောရဗျမင်းစည်းစိ

မ်ကို အလိုချင်အတောင့်တဆုံးပဲ"

မိမိတို့ အတွေ့အကြုံများ နှင့် အလိုချင် အတောင့်တဆုံးအရာများကို ကိုယ်စီ ထုတ်ဖော်ဝန်ခံကျူးရင့်ကြပြီးနောက် ပထမသူကြွယ်က ...

"ကဲ ...ကဲ ...ကိုယ့်ဆန္ဒနဲ့ ကိုယ်တော့ ရှိနေကြပြီ ရောင်းရင်းတို့ ၊ လိုချင်တောင့်တမှုဆိုတာ ပြည့်စုံအောင်လုပ်ရင် ပိုင်ဆိုင်ရမှာ ပါပဲ၊ အရေးကြီးတာက တောင့်တနေရုံနဲ့ မပြီးသေးဘူး။ ရည်သန်တဲ့ စိတ်ထဲမှာ ကုသိုလ်အလျဉ်တွေ မပြတ်ဖြစ်ပေါ်နေဖို့ ပဲ မဟုတ်လား"

"အို ...ဟုတ်တာပေါ့ ရောင်းရင်းရယ်၊ ဒါနအမှု၊ သီလအမှု၊ ဘာဝနာ အမှုကို ဆတက်ထမ်းပိုး ကြိုးစားသွားကြဖို့ သာ ရှိပါတယ်"

"ကုသိုလ်ကောင်းမှုနဲ့ ချည်း အစဉ်မွေ့လျော်သွားနိုင်ဖို့ ဟာ အရေးအကြီးဆုံးဖြစ်ပေတယ် ရောင်းရင်းတို့ "

"သိပ်မှန်တာပေါ့၊ ကျွန်ုပ်တို့ အနေနဲ့ အခုထက်ပိုပြီး အဆအရာအထောင် ပွားများအားထုတ်ဖို့ ပဲ ရှိပေတာပေါ့"

ရည်သန်သော စိတ်ကလည်း အရှိန်အဟု န်ပြင်းသည် ။ အလှူပေးခြင်း၊ သီလတည်ဆောက်ခြင်း စသော ကုသိုလ်အမှုများ ၌ လည်း နက်ရှိုင်းစွာ ကျင်လည်ကြသည် ။

ဆန္ဒနှင့် ဘဝတို့ သည် တစ်စထက်တစ်စ နီးကပ်လာရာမှ တစ်ထပ်တည်း ကျသွားတော့သည် ။

ဤသို့ဖြင့် ...

သက်တမ်းအတိုင်း နေကြပြီး ကွယ်လွန်ကြသောအခါ ...

သိကြားမင်းအဖြစ်ကို တောင့်တသော သူကြွယ်သည် သိကြားမင်း။

နဂါးမင်းအဖြစ်ကို တောင့်တသော သူကြွယ်သည် နဂါးမင်း။

ဂဠုန်မင်းအဖြစ်ကို တောင့်တသော သူကြွယ်သည် ဂဠုန်မင်း။

ကောရဗျမင်းအဖြစ်ကို တောင့်တသော သူကြွယ်သည် ကောရဗျမင်း၏ မိဖုရားကြီးဝမ်း၌ သန္ဓေယူလျက် လားရာဂတိ ကိုယ်စီရခဲ့ကြလေသည် ။

စမ္ပာနဂိုရ်သို့ရောက်လာသော ရသေ့ကြီးလေးပါးတို့ ကား နီဝရဏတရားတို့ ကို ရှို့မြိုက်ကာ တိုး၍ တိုး၍ ပွားစည်းအပ်သော ဈာန်ဖြင့် ဗြဟ္မာ့ပြည့်သို့ လားကြလေသည် ။

* * *